## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၈.၉.၂၀၁၈) ရက်နေ့တွင် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးခင်မောင်ဝင်း တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှဦးခင်မောင်ဝင်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ"**ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက် ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း**" အဆိုဖြစ်ပါတယ်။ ယခုအဆိုကို ဦးခင်မောင်ဝင်းက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါ သော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လာရောက်လေ့လာတဲ့ လေ့လာသူများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပြီး ကောင်းကျိုးလိုအင် ဆန္ဒပြည့်စုံ ကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ ၁၈.၉.၂၀၁၈ ရက်နေ့ ၊ အင်္ဂါနေ့၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်း ကြောင်းအဆိုတစ်ခု တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းမည့် အဆို ကတော့ " **ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေး နိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း**"အဆို ဖြစ်ပါတယ်။ အဆိုကတော့ ရှမ်းပြည်နယ်အတွင်း မွေးဖွားပြီးနေထိုင်လျက်ရှိသော ဒေသခံတိုင်းရင်းသားများမှာ မှတ်ပုံတင်၊

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ မရှိသေးသူများ အများအပြားရှိနေသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော်၏ မဲဆန္ဒနယ်၊ ညောင်ရွှေမြို့နယ်တွင် ဒေသခံပြည်သူများ၏ တင်ပြချက်အရ အိမ်ထောင်စုစာရင်း မရှိသော အိမ်ထောင်စု (၇၀၀၀)ကျော်၊ အသက် (၁၀)နှစ် ပြည့်ပြီးသူ (၅၀၀၀)ကျော်နှင့် အသက် (၁၈)နှစ် ပြည့်ပြီးသူ (၇၀၀၀)ကျော်ရှိသည်ကို တင်ပြတာကို တွေ့ရှိရပါတယ်။ ညောင်ရွှေမြို့နယ်သည် ဖွံ့ဖြိုးသည့် မြို့နယ်တစ်ခု ဖြစ်သော်လည်းပဲ ယခုကဲ့သို့လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပါတယ်။ကျွန်တော်တို့၏ ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ဒီထက်မက ရှိနေမယ်လို့ ယူဆမိပါတယ်။ နယ်စွန်နယ်ဖျားတွေမှာလည်း အိမ်ထောင်စုစာရင်းတွေ မှတ်ပုံတင်တွေ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ မရှိနိုင်ဘူးလို့ယူဆလို့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများမရှိရခြင်းမှာ ဒေသခံပြည်သူ အများစုသည် ရုံးဌာနများသို့ သွားရောက်ရန် မဝံ့ရဲခြင်း၊ ကျေးလက်နေ ပြည်သူများဖြစ်သည့်အလျောက် ယင်းကဲ့သို့ ပြုလုပ်ရန်နားမလည်ခြင်း၊ ရုံးဌာနများသို့ သွားရောက်ရန် စရိတ်များ မတတ်နိုင်ခြင်းစသည့် အခက်အခဲများကြောင့် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရှိရခြင်းဖြစ်ကြောင်း တင်ပြကြပါတယ်။

မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများမရှိခြင်းကြောင့် ၎င်းပြည်သူများ၏ ခရီးသွားလာရေး၊ ပညာရေး၊ အလုပ်အကိုင်ရှာဖွေရေး အစရှိသည့် အခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားအများစုမှာ လယ်ယာစိုက်ပျိုး ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာရိုးသားစွာ လုပ်ကိုင်စားသောက်နေထိုင်ကြပါတယ်။ ၎င်းတို့လုပ်ကိုင်စားသောက်သော လယ်ယာမြေများအား မှတ်ပုံတင်ခြင်း (ဥပမာ-ပုံစံ(၇)) ပြုလုပ်ခြင်း ကိစ္စရပ်များတွင် အခက်အခဲများ ကြုံတွေ့ရပြီး အခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါတယ်။ ခရီးသွားလာရာမှာလည်း အခက်အခဲများရှိပါတယ်။

ဖော်ပြပါအချက်များကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း အတူတူပင်ဖြစ်သော်လည်း တိုင်းရင်းသားလူမျိုးအခွင့်အရေးတွေ ဆုံးရှုံးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း

ရှိ ဒေသခံတိုင်းရင်းသားများ၏ လိုအပ်လျက်ရှိသော မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားများအားစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရ ထံ တိုက်တွန်းကြောင်း အဆိုအား ရှမ်းပြည်နယ်လွှတ်တော်သို့တစ်ဆင့် တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်း ကြောင်း"**အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ယင်းအဆိုကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။**

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခင်မောင်ဝင်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေး ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးခင်မောင်ဝင်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းက တင်သွင်းတဲ့ အဆိုကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့(၁၉.၉.၂၀၁၈)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ၏ " **ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက် ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။ ပထမဦးစွာ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် (၁၈.၉.၂၀၁၈) ရက်နေ့က ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသွားခဲ့တဲ့ **"ရှမ်းပြည်နယ်အတွင်းနေထိုင်သူ ဒေသခံတိုင်းရင်းသားများ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်တစ်ပြည်လုံးကို လက်လှမ်းမမီပါသဖြင့် ကျွန်တော်လက်လှမ်းမီရာ ကျိုင်းတုံနယ်မြေခံ တောင်ပေါ်တိုင်းရင်းသားများ၏ ယနေ့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ပတ်သက်၍ ခံစားနေရမှုများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ကောက်ယူထားသော စာရင်းဇယားများအရ ကျိုင်းတုံမြို့နယ်အတွင်း လူဦးရေမှာ (၁၇၀၀၀၀)ကျော်ရှိရာ မြို့ပေါ်နေ လူဦးရေမှာ(၅၀၀၀၀)နီးပါးရှိပြီး ကျေးလက်နေ တိုင်းရင်းသား အများစုမှာ (၁၂၀၀၀၀)ကျော်ရှိ၍ တောင်ပေါ်ဒေသတွင် နေထိုင်ကြပါတယ်ခင်ဗျား။ လူဦးရေ အနည်းအများအလိုက် ပြန်ကြည့်မယ်ဆိုပါက ရှမ်း၊ လားဟူ၊ အာခါ၊ ဝ၊ လွယ်၊ ဗမာ၊ လီဆူ၊ ကချင်၊ ရခိုင်၊ ကရင်၊ အင်းသား၊ ကိုးကန့်၊ ချင်း၊ ဓနု၊ ကယား၊ မွန်၊ ပအိုဝ်း၊ ကယန်းဆိုပြီးတော့ တိုင်းရင်းသားများ မျိုးစုံရှိပြီး၊ ရှမ်းတိုင်းရင်းသားအများစုမှာ မြေပြန့်တွင် နေထိုင်ပြီး ကျန်တိုင်းရင်းသားများ ဖြစ်ကြတဲ့ လားဟူ၊ အာခါ၊ လွယ်၊ ပလောင်၊ အင်း၊ လီဆူတို့မှာ တောင်ပေါ်အရပ်ဒေသများတွင်သာ နေထိုင်ကြပါတယ်။

ကျွန်တော်နှင့် အာခါတိုင်းရင်းသားရေးရာဝန်ကြီး၊ လားဟူတိုင်းရင်းသားရေးရာ ဝန်ကြီးတို့ဟာ အခါအားလျော်စွာ တောင်ပေါ်တိုင်းရင်းသားများထံသို့ သွားရောက်၍ တိုင်းရင်းသားလူမျိုးစုတို့၏ လိုအပ်ချက်များကို ကြားနာခဲ့ပါတယ်။ ကြားနာတဲ့အခါမှာ မှတ်ပုံတင်နဲ့ အိမ်ထောင်စုဇယားပြုလုပ်ပေးဖို့ အများအားဖြင့် တောင်းဆိုကြပါတယ်။ အဓိက တောင်းဆိုတဲ့အခါ တောင်ပေါ်အရပ်ဒေသတိုင်းရင်းသားအများစုရဲ့ မှတ်ပုံတင်မရရှိနိုင် ရခြင်း အကြောင်းအရင်းများမှာ ၎င်းတို့တင်ပြခဲ့သော အချက်အလက်များပေါ် မူတည်ပြီး သုံးသပ်ရ လျှင်-

(၁) မိဘအိမ်ထောင်စုမရှိခြင်း၊ မှတ်ပုံတင်မရှိခြင်းတို့ဖြစ်ပါတယ်။ အဓိကအနေ ဖြင့် ယခင်က ဗ.က.ဗ ကြီးစိုးစဉ်က တိုင်းရင်းသား အများစုဟာ စစ်ဘေး၊ စစ်ဒဏ်ကို ရှောင်ရင်း အချို့နေရာကို ပြောင်းနေရပါတယ်။ အချို့ကလည်း ရေကြည်ရာ၊ မြက်နုရာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရပါတယ်။

(၂) အချို့ကတော့ မွေးစာရင်းမရှိတဲ့အတွက် အိမ်ထောင်စုစာရင်းမှာ မပါတဲ့ အတွက်ကြောင့် မှတ်ပုံတင်ပြုလုပ်ဖို့ ခက်ခဲတယ်ဆိုတာ သိရပါတယ်။

(၃) တောင်ပေါ်ဒေသများဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့ ဝေးလံ ခေါင်သီတဲ့အတွက် ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဘာသာစကား ခက်ခဲတဲ့အတွက် ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ လ.ဝ.က မှ ကွင်းဆင်းဆောင်ရွက်ပေးမှုအားနည်းတဲ့အချက်လည်းပါဝင်ပါတယ်။ ရပ်/ကျေး

စာရေးများမှ လ.ဝ.က သို့ စာရင်းကောက်ယူပြုစု တင်ပြလုပ်ဆောင်ဖို့လည်း လိုအပ်ပါတယ်။ နောက်တစ်ချက်ကတော့ တောင်ပေါ်ဒေသခံများမှာ အသိပညာနည်းပါး၍ မှတ်ပုံတင်ပြုလုပ်ရမည်ကို မသိရှိခြင်း၊ စိတ်ဝင်စားမှု နည်းပါးခြင်းတို့လည်း ပါပါတယ်။ ဒါ့ပြင် တောင်ပေါ်ဒေသအချို့တွင် ( ၁၀ )နှစ်ပြည့်နှင့် ( ၁၈ )နှစ်ပြည့်ဆိုပြီး ( ၂ )ကြိမ်လုပ်ရမှာ သိသော်လည်း (၂)ခါပြုလုပ်ရသည့်အတွက် ဝေးလံသည့်ခရီးလမ်းအခက်အခဲကြောင့် (၁၈)နှစ် ပြည့်လျှင် ထပ်မံပြုလုပ်ရမည်ကိုသိရှိသော်လည်း အကြပ်အတည်းဖြစ်နေပါတယ်။ ရပ်/ကျေးမှ အသိပညာပေးဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။

အထူးသဖြင့် တောင်ပေါ်ဒေသတိုင်းရင်းသားများဟာ ရုံးကနားသွားရမှာ အထူးကြောက်ရွံ့ပါတယ်။ (One Stop Service)ရုံးများ ဖွင့်ထားသော်လည်း စောင့်ဆိုင်းရခြင်းတို့ကြောင့် ၎င်းတို့ရှိရာ နယ်မြေဒေသသို့ ကွင်းဆင်းပြီးဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

အထက်တွင် ဖော်ပြခဲ့တဲ့အချက်များဟာ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်နဲ့ တိုင်းရင်းသားရေးရာဝန်ကြီးတို့နဲ့ ကျေးလက်ဒေသအောက်ခြေထိ ကွင်းဆင်း၍ သဘောထားကောက်ယူမှုများကို ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို ဒီကိစ္စအတွက် စီမံချက်ရေးဆွဲရာမှာ ထည့်သွင်းစဉ်းစားဖို့ အပြုသဘောဆောင်အကြံပြုတင်ပြအပ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် ပါဝင်သော ပုဒ်မ ၃၅၅ အရ **“နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်”** ဆိုသော ဥပဒေအရ ရွှေ့ပြောင်းနေထိုင်သော ဓလေ့စရိုက်ရှိသည့် ကျွန်တော်တို့ တောင်ပေါ်တိုင်းရင်းသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးအစီအစဉ်တွင် (လ.ဝ.က)မှ နိုင်(၂)မရှိလို့ နိုင်(၄)မရှိ၍ မှတ်ပုံတင် မလုပ်ပေးနိုင်ဘူးဆိုသည့် အချက်ကိုလည်း မည်ကဲ့သို့ လျှော့ပေါ့စဉ်းစားရမည်ကို ထည့်သွင်းစဉ်းစားပေးစေလိုပါတယ်။ တိုင်းရင်းသားများ၏ မူလအခွင့်အရေးကို တန်းတူညီမျှစွာ ရရှိစေရန် အလို့ငှာ လိုင်စင်မရှိတဲ့ Motor Car Without တွေအတွက် စဉ်းစားပေးသလို၊ မှတ်ပုံတင် မရှိ၊ လိုင်စင်မရှိသည့် လူ Without တွေဖြစ်နေတဲ့ ကျွန်တော်တို့ တောင်ပေါ်ဒေသတွင် နေထိုင်ကြတဲ့ တိုင်းရင်းသားတွေအတွက် ထည့်သွင်းစဉ်းစားပေးပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ဦးခင်မောင်ဝင်း တင်သွင်းသည့်အဆိုကို အတည်ပြုပေးပါရန် ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

၇

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဦးခင်မောင်ဝင်း၊ ညောင်ရွှေ မြို့နယ်မဲဆန္ဒနယ်(၁)၏ “ **ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက် ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ် အစိုးရအားတိုက်တွန်းကြောင်း**”အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ မိမိတို့ မဲဆန္ဒနယ်မြေတစ်နံတစ်လျားရှိ တိုင်းရင်းသားပြည်သူတို့၏ ဘဝဖြစ်စဉ်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ လုပ်ဆောင်ရာ၌ အဆင်ပြေမှုမရှိဘဲ အခက်အခဲနှင့် စိတ်ကသိကအောက်ဖြစ်စရာ အဖြစ်သနစ်များကို တစ်ချိန်ချိန် တစ်နေရာရာ မှာတော့ မြင်ခဲ့ကြားခဲ့ဖူးပါလိမ့်မယ်လို့ထင်မိပါတယ်။

ဒီအဆိုနဲ့စပ်လျဉ်းပြီး လူ့လောကထဲရောက်ရှိလာခဲ့တဲ့ ကလေးတစ်ဦးကို ကျမတို့စမြင် ကြည့်ကြရအောင်။ မိခင်တစ်ဦးဟာ ရင်သွေးကိုမွေးဖွားနိုင်ရန် သားဖွားဆရာမ ဒါမှမဟုတ် ဆရာဝန်နဲ့ မွေးဖွားမယ်ဆိုရင် အဲဒီကလေးကို ပြည်သူ့ဆေးရုံကနေ မွေးစာရင်း လုပ်ပေးလိုက် နိုင်ပါတယ်။ အဲဒီမွေးစာရင်းက ကလေးရဲ့ အသက်မှန်ကန်တိကျခြင်း၊ ကျောင်းအပ်နှံချိန်တွင် ခိုင်လုံသည့် အထောက်အထားဖြစ်စေခြင်းတို့အတွက် ဖြစ်ပါတယ်။

အဲဒီအခြေအနေနဲ့ကွဲလွဲပြီး ဝေးလံတဲ့နေရာဒေသမှာနေထိုင်တဲ့ မိခင်တစ်ဦးဟာ ရင်သွေးငယ်ကိုမွေးဖွားမယ်ဆိုရင် အရပ်လက်သည်နဲ့မွေးဖွားရပြီး မွေးစာရင်းဘယ်လိုလုပ်ရမယ် ဆိုတာ မသိတဲ့အတွက် ကလေးရဲ့ မွေးစာရင်းမရှိနိုင်တော့ပါဘူး။ မွေးဖွားပြီး (၁)လမှ (၆)လ အတွင်း မိမိနေထိုင်ရာ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးထံမှာ မွေးစာရင်းလုပ်ရမယ်ဆိုတဲ့ အသိအားနည်းမှုနှင့် ရုံးများနဲ့ သွားရောက်ဆက်သွယ်ဆောင်ရွက်လိုမှုတွေ မရှိခြင်းတို့ကြောင့် မွေးစာရင်း မလုပ်ဖြစ်ကြတော့ပါဘူး။ အဲဒီကလေးတွေကို ကျွန်မအနေနဲ့ ကလေးသူငယ် အခွင့်အရေး ဆုံးရှုံးနေကြသူများလို့မြင်မိပါတယ်။ ထိုနည်းတူ သေဆုံးပြီဆိုရင်လည်း

သက်ဆိုင်ရာ ဌာနအသီးသီးကို သေဆုံးကြောင်း အကြောင်းကြားအသိပေးရမည့် အသိလည်း လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လူဦးရေစာရင်းသည် အမြဲတမ်း တည်ငြိမ်သည့်စာရင်းမဟုတ်ပါ။ အချိန်တိုင်း အပြောင်းအလဲဖြစ်နေသည့် ကိန်းဂဏန်းများသာ ဖြစ်ရပါမယ်။

ကျွန်မတို့ မိုးမိတ်မြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စုပေါင်း (၂၈)အုပ်စုနှင့် အမှတ် (၂၇၆) ခြေလျင်တပ်ရင်း၊ အမှတ်(၂၂၃)ခြေလျင်တပ်ရင်း၊ အမှတ်(၃၄၈) ခြေမြန်တပ်ရင်းနှင့် စစ်ဗျူဟာ အခြေချတပ်ရင်း၊ တပ်ခွဲများနှင့် ဖွဲ့စည်းထားသော မြို့တစ်မြို့ဖြစ်သောကြောင့် ရှမ်း၊ ကချင်၊ လီဆူ၊ ပလောင်၊ ဗမာ၊ ရခိုင်၊ ချင်း၊ မွန် စသည့် တိုင်းရင်းသားများ အတူနေထိုင်နေကြပါတယ်။ အိမ်ထောင်စု စုစုပေါင်း ၁၃၈၂၁ အိမ်ထောင်စု၊ ၁၀ နှစ်အောက် ကျား/မပေါင်း ၁၃၉၀၂ ဦး၊ ၁၀ နှစ်မှ ၁၈ နှစ်ကြား ကျား/မပေါင်း ၁၂၃၇၀ ဦး၊ ၁၈ နှစ်အထက် ကျား/မပေါင်း ၃၈၀၃၆ ဦး၊ မြို့နယ်ချုပ်စုစုပေါင်း လူဦးရေ ကျား/မပေါင်း ၆၄၃၀၈ ဦး ရှိကြောင်း မိုးမိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ စာရင်းများအရ သိရှိရပါတယ်။

မိမိအနေဖြင့် ၎င်းစာရင်းသည် စီမံချက်နှင့် ကွင်းဆင်းဆောင်ရွက်ရာတွင် အခြေခံအဖြစ် ကိုးကား၍ရသည့် စာရင်းတစ်ခုသာဖြစ်ပြီး လက်ရှိမြေပြင်အခြေအနေနှင့် ကိုက်ညီမှု မရှိပါ။ မိမိတို့မြို့နယ်တွင် ကျေးရွာအုပ်စု (၁၁)အုပ်စု၌ ကချင်၊ ပလောင်၊ လီဆူ စသည့် တိုင်းရင်းသားလူမျိုးများသည် တောင်ပေါ်ဒေသတွင် နေထိုင်ကြပါတယ်။ လမ်းပန်းဆက်သွယ်မှု မကောင်းခြင်း၊ အသိပညာအားနည်းခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ စားဝတ်နေရေးခက်ခဲခြင်းတို့ကြောင့် ၎င်းတို့၏ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနစ်နာနေကြဆဲဖြစ်ပါတယ်။ မိဘ(၂)ပါးစလုံး သေဆုံးပြီး အသက်(၄၅-၅၀)ရှိတဲ့ လူပုဂ္ဂိုလ်တစ်ဦး ဟာ သူ့ရဲ့သားသမီးများ နိုင်ငံသားကတ်ရရှိနိုင်ရေးအတွက် ၎င်းကိုယ်တိုင် နိုင်ငံသားကတ် ရချင်၊ လုပ်ချင်သော ဒေသခံတိုင်းရင်းသားပြည်သူအချို့ကို တွေ့မြင်ခဲ့ဖူးပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏အခွင့်အရေးကို မဖြစ်မနေဖော်ဆောင်ပေးရမည့်တာဝန်၊ ကာကွယ်ပေးရမည့်တာဝန်သည် အစိုးရ၏မဖြစ်မနေလုပ်ဆောင်ရမည့်တာဝန်တစ်ရပ်ဖြစ်သည့်အတွက် တိုင်းရင်းသားများ လိုအပ်လျက်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုစာရင်းများကို ကျေးရွာများသို့အရောက် ကွင်းဆင်းဆောင်ရွက်ပေးရန် အထူးလိုအပ်လှပြီဖြစ်ပါတယ်။

ထို့ကြောင့်ဦးခင်မောင်ဝင်း၊ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်(၁)၏ **“ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု**

**စာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”**အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မေရီချို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၏ **“ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေး သူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို မိမိမြို့နယ်တွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် နှိုင်းယှဉ်ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်ရှင်။

ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဖယ်ခုံမြို့နယ်တွင် နေထိုင်ကြ သော တိုင်းရင်းသားလူမျိုးအများစုမှာ ကယန်း တိုင်းရင်းသားလူမျိုးများဖြစ်ပြီး အခြား တိုင်းရင်းသားများမှာ ရှမ်း၊ ဗမာ၊ အင်း၊ ပအိုဝ်း၊ ကယား၊ ကရင်၊ မွန်၊ ချင်း၊ လီဆူ၊ ရခိုင်၊ လားဟူ၊ အာခါလူမျိုးများ နေထိုင်ကြပါတယ်။ ဖယ်ခုံမြို့နယ် ဧရိယာမှာ (၅၁၆၈၈၁)ဧက ကျယ်ဝန်းပြီး ကျေးရွာပေါင်း (၂၀၀)ကျော် တည်ရှိပါတယ်။ လူဦးရေပေါင်း (၁၀၆၀၀၀)ကျော် နေထိုင်ကြ ပါတယ်။ ကျေးရွာတွင် နေထိုင်ကြသော တိုင်းရင်းသားအများစုမှာ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ မရှိကြသည်ကို တွေ့ရှိရပါတယ်။ မရှိကြရသည့် အကြောင်းအရင်းမှာ ကျေးရွာတွင် နေထိုင်ကြသော တိုင်းရင်းသားအများစုသည် အသိပညာ အားနည်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ မြို့နှင့်ကွာဝေးခြင်း၊ စီးပွားရေး အဆင်မပြေခြင်း၊ ဌာနဆိုင်ရာများနှင့်ဆက်ဆံရန်အတွက် ကြောက်ရွံ့ခြင်း၊ လ.ဝ.က ရုံးသို့ လူကိုယ်တိုင်ရောက်ရှိသော်လည်း လွယ်ကူချောမွေ့စွာ ဆောင်ရွက်ပေးမှုမရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။

ဖယ်ခုံမြို့နယ်၊ ပုန်းလောကျေးရွာတွင် နေထိုင်ကြသော လီဆူတိုင်းရင်းသားများသည် မှတ်ပုံတင်ပြုလုပ်ရာတွင် နှစ်နှင့်ချီပြီး ကြာမြင့်သည်အထိ မရရှိကြသည်ကို တွေ့ရှိရပါတယ်ရှင်။ ဖယ်ခုံမြို့နယ်၊ ခေါင်အိကျေးရွာအုပ်စုတွင် ကျေးရွာ(၄)ရွာအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာပြည်သူများ တွေ့ဆုံရာတွင် လျှပ်စစ်မီတာလျှောက်ရန်အတွက် မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းများမရှိကြသည်ကို တွေ့ရှိရပါတယ်။ လ.ဝ.ကရုံးသို့ လူကိုယ်တိုင်သွားရောက်ပြုလုပ်ရင်လည်း ကျပ်(၂၀၀၀၀)ပေးရကြောင်း၊ ဖယ်ခုံမြို့နယ်တွင်ရှိသော အခြားကျေးရွာအုပ်စုများမှာလည်း ငွေကြေးတောင်းခံတာတွေရှိကြောင်း တင်ပြကြပါတယ်။

ကျေးရွာပြည်သူလူထုများက လဝက ဌာနမှ မိမိတို့ ကျေးရွာများသို့ ကွင်းဆင်းပြီး ဆောင်ရွက်ပေးနိုင်ရန် တင်ပြတောင်းဆိုကြပါတယ်ရှင်။ ပြည်သူများ တင်ပြမှုကြောင့် ကျွန်မအနေဖြင့် လ.ဝ.က ဦးစီးမှူးကို ရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ညှိနှိုင်းရာ ဦးစီးမှူးက ရွာသို့ ကွင်းဆင်းဆောင်ရွက်ရန် ပြည်နယ်မှူးကခွင့်မပြုကြောင်း ကျွန်မကိုပြောခဲ့ပါတယ်။ ပြည်နယ်မှူးက ခွင့်မပြုဘူးဆိုရင် ကျွန်မကလည်း ဆောင်ရွက်ခွင့်ပြုနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ စာဖြင့်တင်ပြတောင်းခံသွားမည်ဟု ပြန်ပြောခဲ့ပါတယ်။ ဦးစီးမှူးနှင့် ပြောပြီး(၂)ရက်မြောက်အကြာတွင် လဝက ဒုဦးစီးမှူးက ကျွန်မကို ဖုန်းဆက်လာခဲ့ပါတယ်။ ညီမရေ ပြည်နယ်ကို စာတင်ဖို့မလိုတော့ဘူး အစ်မကိုယ်တိုင် ပြည်နယ်မှူးနှင့်တွေ့ပြီး ညီမတောင်းဆိုချက်ကြောင့် ပြည်နယ်မှူးက ကတ်ပါတစ်ခါတည်းထုတ်ပေးခဲ့တယ်။ အစ်မကိုယ်တိုင်ကျေးရွာသို့ ကွင်းဆင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖုန်းဆက်ပြောခဲ့ပါတယ်။ ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဖယ်ခုံမြို့နယ်၊ ကရင်အုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် ငွေကြေး တောင်းခံခြင်းနှင့် ပတ်သက်ပြီး ပြည်သူတစ်ဦးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ထံသို့ တိုင်ကြားခဲ့သည့် ပြဿနာဖြစ်ပွားခဲ့ပါတယ်။

ၚင်းအပြင် ဖယ်ခုံမြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူငယ်အများစုသည် စားဝတ်နေရေးအခက်ခဲကြောင့် ပြည်ပသို့သွားရောက် အလုပ်အကိုင်ရှာဖွေ လုပ်ကိုင်ကြပါတယ်။ ထိုသို့သွားရောက်လုပ်ကိုင်ကြရာတွင် တရားဝင်လမ်းကြောင်းမှ သွားရောက်လုပ်ကိုင်သူ ဦးရေနည်းပါးပြီး တရားမဝင်လမ်းကြောင်းမှ သွားရောက်လုပ်ကိုင်သူဦးရေ ပိုများသည်ကို သိရှိရပါတယ်။ ပြည်ပသို့သွားရောက်လုပ်ကိုင်သူအချို့မှာ နိုင်ငံသားမှတ်ပုံတင် မရှိခြင်းကြောင့် တရားမဝင်လမ်း သို့မဟုတ် အောက်လမ်းကနေ သွားရောက်လုပ်ကိုင်ကြ ရကြောင်း သိရှိရပါတယ်။ ၚင်းအပြင် ပင်လောင်းမြို့နယ်တွင် နေထိုင်ကြသော ကယန်းတိုင်းရင်းသား

လူမျိုး(၁၀၀၀)ကျော်ခန့်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ကယန်းလူမျိုး မဟုတ်ဘဲ အခြား တိုင်းရင်းသား အမည်များဖြစ်နေသည်ကိုလည်း တွေ့ရှိရပါတယ်။ ယင်းကိစ္စရပ်နှင့် ပတ်သက်၍ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်းအေးမောင်မှလည်း ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံသို့ တင်ပြထားပြီးဖြစ်ပါတယ်ရှင်။ ယနေ့အချိန်ထိ ဒေသခံတိုင်းရင်းသားပြည်သူများသည် မှတ်ပုံတင်နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများမရှိခြင်း၊ မှတ်ပုံတင်ရှိသော်လည်း လူမျိုးကွဲလွဲမှားနေခြင်းတို့ကြောင့် အခွင့်အရေးများစွာ ဆုံးရှုံးခဲ့ရပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် မှတ်ပုံတင်နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ချပြီးမှန်မှန်ကန်ကန် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုများ လျော့နည်းစေပြီး အဂတိ လိုက်စားမှုများကိုပါ လျော့နည်းစေမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၏ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။ ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူဒေသခံ တိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက် ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းလိုလိုတွင် မှတ်ပုံတင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသော ဒေသခံတိုင်းရင်းသားများကို တွေ့ရှိနေရတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ နယ်မြေ ကျယ်ဝန်းပြီး လက်နက်ကိုင်အဖွဲ့အစည်းများ ပေါများခြင်း၊ လမ်းပန်းဆက်သွယ်ရေး

ခက်ခဲခြင်းတို့ကြောင့် အချို့သောဒေသများရှိ ကျေးရွာများတွင် မှတ်ပုံတင်မရှိသူဦးရေဟာ ရာဂဏန်းကျော်အထိရှိတာကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ ထိုသို့ ဖြစ်ပေါ်နေရတဲ့ အဓိက အကြောင်းအရင်းကတော့ ခေတ်အဆက်ဆက် ဌာနဆိုင်ရာ တာဝန်ရှိသူများရဲ့ လုပ်ထုံးလုပ်နည်းများမှာ အားနည်းချက်ကြောင့် ဖြစ်ခဲ့သလို၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ကိုယ်တိုင် အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်ကတ်များပြုလုပ်ရန် အားနည်းခဲ့တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

ယခုအခါ နိုင်ငံတော်မှ ပြည်သူတို့အကျိုးကိုရှေးရှုပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မှတ်ပုံတင်နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းရှိသူများသာ အကျိုးခံစားခွင့်ရရှိတာ ဖြစ်ပါတယ်။ ဥပမာ လယ်ယာမြေပုံစံ(၇) လျှောက်ရာတွင်သော်လည်းကောင်း၊ စိုက်ပျိုးစရိတ်ချေးရာတွင်သော်လည်းကောင်း၊ အခြားကိစ္စအဝဝ ဆောင်ရွက်ရာတွင်လည်း မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း ရှိသူများသာ အကျိုးခံစားခွင့်ရရှိကြပြီး၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမရှိသူများမှာ ခံစားခွင့်ဆုံးရှုံးနေရတာကို ဝမ်းနည်းစွာ တွေ့ရှိနေရပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ အချို့သော မြို့နယ်များတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မြို့နယ်အဆင့် စီမံချက်တစ်ရပ်အဖြစ် ဆောင်ရွက်နေကြတာကို တွေ့ရှိနေရပါတယ်။ ထိုသို့ ဆောင်ရွက်နေကြတဲ့ မြို့နယ်များအတွက် မှတ်ပုံတင်ရရှိဖို့ အခွင့်အရေးဟာ အင်မတန်ဝမ်းသာစရာဖြစ်ပေမယ့်ဆောင်ရွက်မှု အားနည်းတဲ့ မြို့နယ်များမှာတော့ ယနေ့အချိန်အထိ မှတ်ပုံတင်မရရှိသူဦးရေဟာ များပြားလျက်ရှိပါတယ်။

ထိုသို့ ဆောင်ရွက်တဲ့နေရာမှာလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လွဲမှားမှုများ အမျိုးမျိုး ဖြစ်ပေါ်နေတာကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ ထို့လွဲမှားမှုတွေက ဘာတွေလည်းဆိုရင် လူမျိုးလွဲမှားခြင်း၊ အမည်လွဲမှားခြင်း၊ အဖအမည် လွဲမှားခြင်းမျိုးတွေ များစွာဖြစ်ပေါ်နေပါတယ်။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ရှမ်းလူမျိုးကို ဗမာဆိုပြီး မှတ်ပုံတင်ထဲတွင် ထည့်ထားသောကြောင့် ရှမ်းလူမျိုးတွေအနေနဲ့ သူတို့ရဲ့ စိတ်ခံစားမှု ထိခိုက်တာတွေကို တွေ့ရှိရပါတယ်။ ထိုနည်းတူ အဖအမည် လွဲမှားသောအခါတွင်လည်း ကလေး(၃)ယောက်ရှိသော ဖခင်တစ်ယောက်ဟာ သားသမီး (၃)ယောက်ရဲ့ မှတ်ပုံတင်မှာ နာမည်(၃)မျိုးနဲ့ လွဲမှားသောကြောင့် နေပြည်တော်အထိ သွားရောက်ပြင်ဆင်ခဲ့ရသည့် အတွေ့အကြုံတွေလည်း တွေ့ရှိခဲ့ရပါတယ်။

ဒါ့အပြင် ယခုအခါ ဒေသခံတိုင်းရင်းသားတွေနဲ့ နိုင်ငံသားတွေ ဖြစ်တဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို တန်းတူအခွင့်အရေးများ ရရှိရန်မှာ အင်မတန်မှ အရေးကြီးလှပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပါတီစုံ ဒီမိုကရေစီစနစ်ဖြင့် ပြည်သူလူထုမှရွေးကောက်ပွဲတွင် မဲပေး၍ ရွေးချယ်ပေးရပါတယ်။ ထိုသို့ မဲပေးရာတွင်လည်း မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းရှိသူများ၊ အသက် (၁၈)နှစ်ပြည့်ပြီးသူများသာ မဲပေးခွင့်ရကြပါတယ်။ မှတ်ပုံတင်မရှိသူများမှာတော့ နိုင်ငံသားအခွင့်အရေးဆုံးရှုံးသလို၊ မဲပေးခွင့်လည်း ဆုံးရှုံးနေရပါတယ်။

သို့ပါသောကြောင့် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားအားလုံး နိုင်ငံသားအခွင့်အရေးများ အပြည့်အဝတန်းတူအခွင့်အရေးရရှိရန်အတွက် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်း ကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ နှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ဝင်း တင်သွင်းသောအဆိုနှင့် ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ အခြားတိုင်းဒေသကြီး/ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် လူမျိုးစုအားဖြင့် ပိုမိုစုံလင်စွာ နေထိုင်ကြသော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားစုံသလို ဘာသာစကားလဲစုံလင်ကြပြီးရိုးသား အေးချမ်းစွာနေထိုင်လိုကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးသည် မြန်မာစကားကို ကျွမ်းကျင်စွာမပြောတတ်ခြင်းနှင့် အေးချမ်းစွာနေထိုင်လိုကြသည့်အတွက် မြို့ပေါ်ရုံးပြင်ကနားများသို့ ထိတွေ့ဆက်ဆံမှုမရှိတာကို တွေ့ရှိရာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းတို့နေထိုင်ရာဒေသနှင့် မြို့ပေါ်အစိုးရရုံးစိုက်ရာနေရာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့်လည်း ဌာနဆိုင်ရာများနှင့် ပိုမိုအလှမ်းကွာဝေးကြောင်း တွေ့ရှိရပါတယ်။ မှတ်ပုံတင်ပြုလုပ်

ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ မွေးနေ့သက္ကရာဇ်များကို မှတ်မထားခြင်းနှင့် မှတ်ပုံတင်ရုံးသို့ ဝင်ထွက်သွားလာရန် ဝန်လေးခြင်းတို့ကြောင့် ကျေးရွာနေ တိုင်းရင်းသားများ၏ ၆၀% ခန့် သည် မှတ်ပုံတင်မရှိကြသည်ကို တွေ့ရှိနေရပါတယ်။ ကျွန်တော်တို့၏မြို့နယ်တွင် တောင်တန်း ဒေသတွင် နေထိုင်သော ပလောင်တိုင်းရင်းသားများသည် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ မဲစာရင်းပြုစုရန်ဟူ၍ အိမ်ထောင်စု ဇယားပုံစံ ၆၆/၆ မူရင်းများကို ရပ်/ကျေးစာရေးများက ယူဆောင်သွားပြီး ယနေ့တိုင်ပြန်လည်မရရှိသဖြင့် မှတ်ပုံတင်ပြုလုပ်ရန် ခက်ခဲနေသော ကြောင့် သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ် ပုံတင်ရေးဦးစီးဌာနနှင့် မကြာခဏဆိုသလိုညှိနှိုင်းပေါင်းစပ်ပေးနေရပါတယ်။ သက်ကြီးရွယ်အိုများသည် မှတ်ပုံတင် ပြုလုပ်ရန် စိတ်အားမထက်သန်တော့ပေမယ့် လူငယ်လူရွယ်တိုင်းရင်းသားများသည် ခရီးသွား လာရာတွင်လည်းကောင်း၊ ပညာသင်ကြားရာတွင်လည်းကောင်း မှတ်ပုံတင်မရှိ၍ မဖြစ်ပါ။ ယခုအခါ သက်ကြီးရွယ်အို (၈၅)နှစ်များသည်လည်း နိုင်ငံတော်မှ လစဉ်ထောက်ပံ့သော လူမှုရေးပင်စင်ကို နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးနှင့်အညီ ခံစားခွင့်ရရှိရန်မှာ အိမ်ထောင်စုဇယား သို့မဟုတ် မှတ်ပုံတင်ရှိမှသာလျှင် ခံစားခွင့်ရမှာ ဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အတွင်း မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို စီမံချက်ဖြင့် လုပ်ဆောင်ပေးရန် အမှန် တကယ်လိုအပ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က နိုင်ငံတော်မှ မှတ်ပုံတင် ပြုလုပ်ခြင်းကို (၁-၁-၂၀၁၅)မှ (၃၀-၁၂-၂၀၁၅)ထိ (၆)လတာ မိုးပွင့်စီမံချက်ဖြင့် လုပ်ဆောင် ပေးခဲ့သော်လည်း ကျေးလက်ဒေသနေ တိုင်းရင်းသားများအားလုံး အကျုံးမဝင်ခဲ့သလို ယခု အကောင်အထည်ဖော်နေသည့် OSS ဟုခေါ်သော (One Stop Service) သည်လည်း လက်တွေ့တွင် အလုပ်မဖြစ်ပါ။ ထို့ကြောင့် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသော **“ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံတိုင်းရင်းသား များ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ် ခင်ဗျား။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်း တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်

(၅)ဦးက အသီးသီးထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (င)အရ ဤအဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် ( ၁ )၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၏ **“ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့်လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးရာတွင် လျှောက်ထားသည့် ရပ်ကွက်/ကျေးရွာအုပ်စုသည် ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်ပေါက်ဖြစ်ရန်လိုအပ်ပြီး အဆိုပါကျေးရွာတွင် အခြေချနေထိုင်ခွင့်နှင့်ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လိုအပ်ပါက ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်လိုအပ်မည် ဖြစ်ပါတယ်။

အဆိုပါ အချက်များနှင့် မကိုက်ညီသူများအား အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ အခြေချနေထိုင်ခွင့်ရရှိပြီးသူများကိုသာ အိမ်ထောင်စုလူဦးရေစာရင်းရရှိနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ရှမ်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်းသည် မြေ၊ အဆောက်အဦ၊ အိမ်ခန်းပိုင်ဆိုင်ခွင့်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါ။

နိုင်ငံသားစိစစ်ရေကတ်ပြားသည် အိမ်ထောင်စုလူဦးရေစာရင်းအပေါ် အခြေပြု၍ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်းမရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းမရှိပါ။ သို့ရာတွင် မိသားစုစားဝတ်နေရေး အခြေအနေအရလည်းကောင်း၊ သဘာဝဘေးအန္တရာယ် အခြေအနေအရလည်းကောင်း၊ မူလနေထိုင်ရာ အရပ်ဒေသတွင် နေထိုင်စားသောက်ရေး အခက်အခဲများကြောင့်လည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်နယ်စပ်ဒေသမြို့များနှင့် သယံဇာတအရင်းအမြစ်များရှိသည့် အခြားဒေသများသို့ သွားရောက်၍ အလုပ်အကိုင်အခြေတကျ နေထိုင်ကြသူများနှင့် ဘဝရှင်သန်နိုင်ရေး တစ်ဝမ်းတစ်ခါးအတွက် တစ်နေရာမှတစ်နေရာသို့ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းသွားလာ

ပြီး ယခင်နေထိုင်ခဲ့သော မြို့နယ်များမှ ပုံစံ(၁၀)ထုတ်ယူခဲ့ခြင်းမရှိ သူများလည်းရှိရာ ၎င်းတို့သည် ရှမ်းပြည်နယ်အတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနမှ အတည်ပြုသတ်မှတ်ထားသော နယ်မြေ၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၌ ရွှေ့ပြောင်းနေထိုင်သူများ ဖြစ်ပါက ၎င်းတို့အား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၅-၈-၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅ / ၂၀၁၆ အရ မြို့နယ်အဆင့်တွင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မြို့နယ်အဆင့် ဖြေရှင်းရန်ခက်ခဲသော ကိစ္စရပ်များအား သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းထားသော ခရိုင်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍လည်းကောင်း၊ ခရိုင်အဆင့် ဖြေရှင်းရန် ခက်ခဲသော ကိစ္စရပ်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းထားသည့် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍လည်းကောင်းအဆင့်ဆင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအား မိုးပွင့်စီမံချက် အဆင့် (၁)မှ (၇)အထိ လည်းကောင်း၊ မိုးပွင့်အထူး (၁)၊(၂)ဖြင့်လည်းကောင်း၊ ရက်(၁၀၀)သစ္စာ စီမံချက်ဖြင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား မြို့နယ်လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များဖြင့် ကျောင်းများသို့ ကွင်းဆင်း၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခါအားလျော်စွာ ကျေးရွာများမှ အကြောင်းကြားချက်အရ ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိရာ ရှမ်းပြည်နယ်အတွင်း ၂၀၁၅ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအား အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်-

| | | |
|---|---|---|
| (က) | အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား-၃(က) ဆောင်ရွက်ပေးမှု | ၁၄၁၉၉၈ ခု |
| ( ခ) | အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား-၆(က) ဆောင်ရွက်ပေးမှု | ၁၉၆၁၀၇ ခု |
| ( ဂ) | အသက်(၁၀)နှစ်ပြည့်မှအသက်(၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား လဲလှယ်ဆောင်ရွက်ပေးမှု | ၆၄၀၁၄ ခု |
| (ဃ) | နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံး/ပျက်စီးမှုအား မိတ္တူမှန်ဆောင်ရွက်ပေးမှု | ၆၈၃၆၄ခု |

**စုစုပေါင်းဆောင်ရွက်ပေးခဲ့မှု** **၄၇၉၄၈၃ ခု**

ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးခင်မောင်ဝင်း၏ **"ရှမ်းပြည်နယ်အတွင်းရှိ နေထိုင်သူ ဒေသခံတိုင်းရင်းသားများ မှတ်ပုံတင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသူများအား စီမံချက်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုတွင် ပါဝင်သော ညောင်ရွှေမြို့နယ်တွင် ဒေသခံပြည်သူများ၏ တင်ပြချက်အရ အိမ်ထောင်စုစာရင်းမရှိသော အိမ်ထောင်စု (၇၀၀၀)ကျော်၊ အသက် (၁၀)နှစ်ပြည့်ပြီးသူ (၅၀၀၀)ကျော်နှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူ (၇၀၀၀)ကျော်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ဒီထက်မက ရှိမည်ဖြစ်ကြောင်း ဆိုသည့်အချက်များနှင့် ပတ်သက်၍ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်တွင် ၂၀၁၈ ခုနှစ် မြေပြင်လူဦးရေစာရင်းအရ ကျား(၈၈၈၂၉)ဦး၊ မ (၈၉၄၇၄)ဦး၊ စုစုပေါင်း (၁၇၈၃၀၃)ဦးရှိပြီး အိမ်ထောင်စု (၃၈၁၇၇)စု ရှိပါတယ်။ အဆိုပါ လူဦးရေအနက်မှ အသက်(၁၀)နှစ်ပြည့်ပြီးသူ ကျား(၁၉၀၇၈)ဦး၊ မ(၁၈၄၈၀)ဦး၊ စုစုပေါင်း (၃၇၅၅၈)ဦးရှိပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးပြီးသည့် လူဦးရေမှာ ကျား(၁၈၂၄၉)ဦး၊ မ(၁၇၇၈၅)ဦး၊ စုစုပေါင်း (၃၆၀၃၄)ဦးဖြစ်ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရန် ကျန်မှာ ကျား(၈၂၉)ဦး၊ မ(၆၉၅)ဦး၊ စုစုပေါင်း (၁၅၂၄)ဦး ရှိပါတယ်။ အသက် (၁၈)နှစ်ပြည့်ပြီးသူ ကျား(၆၃၅၂၆)ဦး၊ မ(၆၆၀၅၂) ဦး၊ စုစုပေါင်း (၁၂၉၅၇၈)ဦးရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီးသည့် လူဦးရေမှာ ကျား(၆၁၈၄၁) ဦး၊ မ(၆၄၉၈၉)ဦး၊ စုစုပေါင်း (၁၂၆၈၃၀)ဦးဖြစ်ပြီး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးရန် ကျန်မှာ ကျား(၁၆၈၅)ဦး၊ မ(၁၀၆၃)ဦး၊ စုစုပေါင်း (၂၇၄၈)ဦးဖြစ်ပါတယ်။ ဒီထဲမှာ အသက် (၁၀)နှစ်အောက်ရှိတဲ့လူဦးရေကတော့ ကျားမပေါင်း (၁၁၁၆၇)ဦး ဖြစ်ပါတယ်။ မြို့နယ် အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရမည့် လူဦးရေအနက်မှ ကျား (၈၀၀၉၀)ဦး၊ မ(၈၂၇၇၄)ဦး၊ စုစုပေါင်း (၁၆၂၈၆၄)ဦးအား ပြုလုပ်ပေးပြီး ဖြစ်ပါသောကြောင့် ကျန်ရှိသူဦးရေ မှာ ကျား(၂၅၁၄)ဦး၊ မ(၁၇၅၈)ဦး၊ စုစုပေါင်း (၄၂၇၂)ဦးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အဆိုတွင်ပါဝင်သော မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများမရှိရခြင်းမှာ ဒေသခံပြည်သူအများစုသည် ရုံးဌာနများသို့ သွားရောက်ရန် မဝံ့ရဲခြင်း၊ ကျေးလက်နေပြည်သူများ ဖြစ်သည့်အလျောက် ယင်းကဲ့သို့ပြုလုပ်ရန် နားမလည်ခြင်း၊ ရုံးဌာနများသို့ သွားရောက်ရန် စရိတ်များမတတ်နိုင်ခြင်းစသည့် အခက်အခဲများကြောင့် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရှိရခြင်းဖြစ်ကြောင်း ဆိုသည့်အချက်နှင့်ပတ်သက်၍ ညောင်ရွှေမြို့နယ်အတွင်း မိုးပွင့်စီမံချက်အဆင့်(၁)မှ (၇)အထိ လည်းကောင်း၊ မိုးပွင့်အထူး (၁)၊(၂)ဖြင့်လည်းကောင်း၊ ရက်(၁၀၀)သစ္စာစီမံချက်ဖြင့် ရွှေ့ပြောင်း

နေထိုင်သူများနှင့် အလုပ်သမားများအား မြို့နယ်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များဖြင့် ကျောင်းများသို့ကွင်းဆင်း၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အခါအားလျော်စွာ ကျေးရွာများမှ အကြောင်းကြားချက်အရ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်ရှိသူများမှာသက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ တင်ပြခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ တိုက်နယ်မှူးများထံသို့ အကြောင်းကြား၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးသို့ ဆက်လက်တင်ပြပါက အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဆိုတွင်ပါဝင်သော မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရှိခြင်းကြောင့် ၎င်းပြည်သူများ၏ ခရီးသွားလာရေး၊ ပညာရေး၊ အလုပ်အကိုင်ရှာဖွေရေး အစရှိသည့် အခွင့်အရေးများဆုံးရှုံးလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာရိုးသားစွာ လုပ်ကိုင်စားသောက်နေထိုင်ကြပါကြောင်း၊ ၎င်းတို့လုပ်ကိုင်စားသောက်သော လယ်ယာမြေများအား မှတ်ပုံတင်ခြင်း [ ဥပမာ - ပုံစံ (၇) ] ပြုလုပ်ခြင်းကိစ္စရပ်များတွင် အခက်အခဲများကြုံတွေ့ရပြီး အခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါကြောင်းဆိုသည့်အချက်နှင့်ပတ်သက်၍ ဒေသခံပြည်သူများသည် မိမိတို့၏ မူလအခွင့်အရေးများဖြစ်သော နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်များအား မိမိကိုယ်တိုင် ကြိုးစား အားထုတ်၍ လုပ်ဆောင်ရမည့် ကိစ္စရပ်များလည်းရှိပါတယ်။ အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံသားတစ်ဦး၏ သက်သေခံအထောက်အထားများဖြစ်သော အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရန်အတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ တင်ပြခြင်း၊ မိမိတို့၏ မိသားစုအတွင်း မွေးဖွားလာသည့် သားသမီးများအား အိမ်ထောင်စုစာရင်းများတွင် ထည့်သွင်းနိုင်ရန်တင်ပြခြင်း၊ အသက်အပိုင်းအခြားအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်နိုင်ရန်တင်ပြခြင်း၊ မိမိတို့၏ မိသားစုအတွင်းမှ သားသမီးများ အိမ်ထောင်ပြု၍ အိမ်ထောင်ခွဲပါက အိမ်ထောင်စုစာရင်းရရှိနိုင်ရန် တင်ပြခြင်းများကို လုပ်ဆောင်ရမည်မှာ မိမိတို့၏တာဝန်သာဖြစ်ပြီး လတ်တလောလိုအပ်မှုရှိလာမှသာ အလျင်စလို ရယူလိုခြင်းများသည် သက်ဆိုင်ရာဌာနများအား ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။

အဆိုပါ ကိစ္စရပ်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာများ၏ အားနည်းချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တတ်အားသရွေ့ ဖြည့်ဆည်းပေးလျက်ရှိပြီး ဒေသနေပြည်သူများ၏ လိုအပ်ချက်များကိုလည်း ပြည်သူနှင့်နီးကပ်စွာရှိသော လွှတ်တော်ကိုယ်စားလှယ်ကြီး

များမှလည်း လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများမှလည်း မိမိနယ်မြေဒေသအတွင်းရှိ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ပတ်သက်ပြီး လူထု၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများသို့ တင်ပြပေးခြင်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခြင်းဖြင့် ဒေသအတွင်း လိုအပ်ချက်များ၊ အခက်အခဲများ ပြေလည်နိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း တင်သွင်းသော အဆိုသည် ဒေသနေပြည်သူများ၏ အမှန်တကယ် လိုအပ်လျက်ရှိသော အချက်များဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အတည်ပြုပါကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်မှလည်း အတည်ပြုပေးနိုင်ပါရန် ဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် ( ၅ )ဦးက အသီးသီးထောက်ခံဆွေးနွေးသွားသလို ဒီအဆိုကို အတည်ပြုပေးဖို့အတွက် သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်ကလည်း သဘောတူထားတာ တွေ့ရှိရပါတယ်။ ဒါကြောင့် ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း တင်သွင်းသော အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ အဆိုကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း တင်သွင်းသော အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။